နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ**

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆)

ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အာမခံလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အရ လုပ်ကိုင်ခွင့်ပြုထားသော အာမခံလုပ်ငန်းများကိုဆိုသည်၊

(ခ) **အာမခံလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီကိုဆိုသည်၊

(ဂ) **အာမခံအလုပ်လက်ခံ** ကိုယ်စားလှယ်ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူကိုယ်စားအာမခံလုပ်ငန်းများ လက်ခံခွင့်ရှိသည့် ကုမ္ပဏီကိုဆိုသည်၊

(ဃ) **အာမခံအကျိုးဆောင်** ဆိုသည်မှာ အာမခံထားရှိရာတွင် အာမခံထားသူ၏ အကျိုးစီးပွားကို ရှေးရှု၍ အာမခံလုပ်ငန်းလုပ်ကိုင်သူနှင့် ဆက်သွယ်ဆောင်ရွက်ပေးသည့် ကြားခံကုမ္ပဏီကို ဆိုသည်၊

(င) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီကို ဆိုသည်၊

(စ) **ဂန်ကြီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့်အခွန်ဂန်ကြီးဌာနကို ဆိုသည်၊

(ဆ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် အာမခံ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်၊

(ခ) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) ပုဂ္ဂလိကကဏ္ဍအနေဖြင့် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စား လှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင် နိုင်ရေးအတွက် လမ်းဖွင့်ပေးရန်၊

(ဃ) နိုင်ငံတော်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံအကာအကွယ်အမျိုးမျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် အာမခံစနစ် အပေါ် ပြည်သူအများ ယုံကြည်ကိုးစားမှု ပိုမိုရှိလာစေရန်၊

(င) အာမခံပညာနှင့် အာမခံလုပ်ငန်း ရှင်သန်တိုးတက်ထွန်းကားလာစေရန်။

## အခန်း (၃)
## အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း ရမည် -

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီးဌာနက တာဝန်ပေးအပ်သူ | - | ဥက္ကဋ္ဌ |
| (၂) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ် ၁ ဦး | - | အဖွဲ့ဝင် |
| (၃) | ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ် ၁ ဦး | - | အဖွဲ့ဝင် |
| (၄) | စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ် ၁ ဦး | - | အဖွဲ့ဝင် |
| (၅) | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး | - | အဖွဲ့ဝင် |
| (၆) | သင့်လျော်သည့် နိုင်ငံသား အာမခံပညာရှင်များ | - | အဖွဲ့ဝင် |
| (၇) | မြန်မာ့အာမခံမှ အရာရှိ ၁ ဦး | - | အတွင်းရေးမှူး |

(ခ) ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ မြန်မာ့အာမခံသည် -

(က) ကြီးကြပ်ရေးအဖွဲ့၏ အသုံးစရိတ်များကို ကျခံရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်၊

## အခန်း (၄)
## ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အာမခံလုပ်ငန်း လုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှုကို စိစစ်ဆုံးဖြတ်ခြင်း၊

(ခ) အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်က အာမခံအမျိုးအစားအလိုက် ထူထောင်ထားရှိရမည့် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေပမာဏကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်၏ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို တန်ဖိုးဖြတ်ရာတွင် အခြေခံရမည့်မူများကို သတ်မှတ်ခြင်း၊

(ဃ) အာမခံရန်ပုံငွေတစ်ရပ်ရပ်အတွက် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်ကို သတ်မှတ်ခြင်း၊

(င) အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်က ပေးဆောင်ရမည့် တင်သွင်းငွေ၊ လိုင်စင်ကြေးနှင့် နှစ်စဉ်ကြေးများကို သတ်မှတ်ခြင်း၊

(စ) နိုင်ငံတော်အတွင်းရှိ အာမခံလုပ်ငန်း လုပ်ကိုင်သူများ လက်မခံသော အာမခံလုပ်ငန်းများကို ပြည်ပတွင် တိုက်ရိုက်အာမခံထားရှိရန် ခွင့်ပြုခြင်း၊

(ဆ) လိုအပ်ပါက အသက်အာမခံ ပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေကို ထူထောင်ထားရှိစေခြင်းနှင့် အခြားသင့်လျော်သော နည်းများဖြင့် အရေးယူဆောင်ရွက်စေခြင်း၊

(ဇ) မိမိ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှပုဂ္ဂိုလ်တစ်ဦးဦးကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းအသုံးပြုခြင်း၊

(ဈ) အာမခံလုပ်ငန်းကို ဖျက်သိမ်းသည့်အခါ လုပ်ငန်းလုပ်ကိုင်သူက ပေးဆောင်ထားသော တင်သွင်းငွေကို သင့်လျော်သည်ဟု မိမိထင်မြင်သည့် နည်းလမ်းနှင့် အချိုးအစားအတိုင်း အာမခံလုပ်ငန်းဖျက်သိမ်းခြင်းခံရသူ၏ မည်သည့်အာမခံ ရန်ပုံငွေသို့မဆို ခွဲဝေပေးခြင်း၊

(ည) အာမခံပညာနှင့် အာမခံလုပ်ငန်း ရှင်သန်တိုးတက်ထွန်းကားလာစေရေး အတွက် လေ့ကျင့်သင်ကြားခြင်း၊ ပညာဖြန့်ဖြူးခြင်း၊ အပြည်ပြည်ဆိုင်ရာ အာမခံအဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

## အခန်း (၅)
## လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၈။ အောက်ပါအာမခံလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်လိုသော ကုမ္ပဏီသည် လုပ်ငန်းလိုင်စင်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) အသက်အာမခံ၊

(ခ) မီးအာမခံ၊

(ဂ) အလုံးစုံမော်တော်ယာဉ်အာမခံ၊

(ဃ) ငွေပို့ငွေသယ်အာမခံ၊

(င) ငွေသားလုံခြုံမှုအာမခံ၊

(စ) သမာဓိအာမခံ၊

(ဆ) ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုသော အာမခံအမျိုးအစားများ။

၉။ အာမခံအလုပ်လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်အဖြစ် ဆောင်ရွက်လိုသော ကုမ္ပဏီသည် လုပ်ငန်းလိုင်စင်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ တင်သွင်းသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင်လျှောက်လွှာ စိစစ်ရာတွင် လိုအပ်ပါက စာရွက်စာတမ်း အထောက်အထားများကို တောင်းယူ ကြည့်ရှုစစ်ဆေးနိုင်သည်။

## အခန်း (၆)

## အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်၏ တာဝန်များ

၁၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေပါ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) သက်ဆိုင်ရာလုပ်ငန်းလိုင်စင် စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) မိမိ၏ လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ၊

(ဃ) မိမိ၏လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေကို ပေါ်လွင်ထင်ရှားစေသည့် စာရင်းစာအုပ်နှင့် မှတ်တမ်းများကို စနစ်တကျနှင့် လွယ်ကူစွာ စာရင်းစစ်ဆေးနိုင်ရန်အတွက် ထိန်းသိမ်းထားရှိရမည်၊

(င) ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းများကို နှစ်စဉ်စာရင်းစစ်ဆေးရမည်၊

(စ) လုပ်ငန်းလိုင်စင်ပယ်ဖျက်ခံရပါက မိမိပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်များကို ပြည်တွင်းပေးရန် တာဝန်များနှင့်ညီမျှသည့် ပမာဏအထိ မြန်မာနိုင်ငံအတွင်း၌ သာ ထားရှိရမည်၊

(ဆ) ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အာမခံလုပ်ငန်းဆိုင်ရာ မည်သည့် ရုံးခွဲကိုမျှ ဖွင့်လှစ်ခြင်းမပြုရ။

၁၂။ အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည် အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ပါက -

(က) အာမခံ သင်္ချာပညာရှင်တစ်ဦးအား အသက်အာမခံ ပရီမီယံနှုန်းထား များကို တွက်ချက်သတ်မှတ်စေရမည် ၊

(ခ) အသက်အာမခံလုပ်ငန်း ရန်ပုံငွေအနက် အာမခံသင်္ချာပညာရှင်က အဆိုပြုသည့် ပမာဏကိုသာ ရင်းနှီးမြှုပ်နှံရမည်၊

(ဂ) အသက်အာမခံလုပ်ငန်းကို အနည်းဆုံး ၄ နှစ်တစ်ကြိမ်အာမခံ သင်္ချာပညာရှင် တစ်ဦးအား တန်ဖိုးဖြတ်စေ၍ ယင်းတန်ဖိုးဖြတ်ခြင်း အစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်၊

(ဃ) ပုဒ်မခွဲ (ဂ)အရ တင်ပြသော အသက်အာမခံလုပ်ငန်း တန်ဖိုးဖြတ်ခြင်း အစီရင်ခံစာကို ကြီးကြပ်ရေးအဖွဲ့က လက်ခံရန်မသင့်ဟု ယူဆ၍သော်လည်းကောင်း၊ အာမခံထားသူများ၏ အကျိုးစီးပွားကို ထိပါးနိုင်သည်ဟု ယုံကြည်၍သော်လည်းကောင်း ညွှန်ကြားလျှင် အခြားအာမခံသင်္ချာပညာရှင် တစ်ဦးဖြင့် ပြန်လည်တန်ဖိုးဖြတ်ခြင်းပြုရမည်၊

(င) အာမခံသင်္ချာပညာရှင်က တန်ဖိုးဖြတ်ရာတွင် ပိုငွေရှိပါက ယင်းပိုငွေကို တည်ဆဲဥပဒေ သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့် မဆန့်ကျင်လျှင် အသက်

အာမခံရန်ပုံငွေမှ ထုတ်ယူနိုင်သည်။ သို့ရာတွင် ယင်းထုတ်ယူငွေသည် အာမခံပေါ်လစီရှင်များသို့ အမြတ်အဖြစ် သတ်မှတ်ထားငွေ၏ လေးပုံတစ်ပုံ ထက်မပိုစေရ၊

(စ) အသက်အာမခံပေါ်လစီ စည်းကမ်းချက်များနှင့်အညီ အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသို့သာလျှင် သေဆုံးမှု တောင်းခံငွေကို ထုတ်ပေးရမည်။ အကျိုးခံစား ခွင့်လွှဲပြောင်းခြင်းခံရသူသည် အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်း၏မိဘအရင်း သို့မဟုတ် တရားဝင် မွေးစားမိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူအား ထုတ်ပေးရမည်၊

(ဆ) အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသည် အသက်အာမခံထားသူထက်စော ၍ သေဆုံးခဲ့ပြီး အသက်အာမခံထားသူက အကျိုးခံစားခွင့် ထပ်မံပြင်ဆင် လွှဲပြောင်းခြင်း မပြုခဲ့သည့်ကိစ္စတွင် သေဆုံးမှု တောင်းခံငွေကို အောက်ပါ အစီအစဉ်အတိုင်း ထုတ်ပေးရမည် -

(၁) ခင်ပွန်း သို့မဟုတ် ဇနီး၊

(၂) သားသမီး၊

(၃) မြေး၊

(၄) ညီအစ်ကို၊ မောင်နှမ၊

(၅) မိဘ။

၁၃။ အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည် -

(က) တစ်ဆင့်အာမခံထားရှိမည့် အစီအစဉ်ကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့က အတည်ပြုပြီးသော အသက်အာမခံအမ်းငွေ၊ စာရင်းပိတ် တန်ဖိုး၊ ချေးငွေနှင့် အတိုးနှုန်း၊ ကော်မရှင်နှုန်းတို့ကို ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြင်ဆင်ခြင်းမပြုရ၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က အတည်ပြုပြီးသော ပရီမီယံနှုန်းထားအတိုင်းသာ ကောက်ခံရမည်၊

(ဃ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် အစီအစဉ်ကို ကြီးကြပ်ရေးအဖွဲ့၏ သဘော တူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်၊

(င) အာမခံရန်ပုံငွေတစ်ရပ်ရပ်၏ ရရန်ပိုင်ခွင့် အထောက်အထားများကို မြန်မာ နိုင်ငံအတွင်း ထိန်းသိမ်းထားရှိပြီး မည်ကဲ့သို့ ထိန်းသိမ်းထားရှိကြောင်းကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။ ရရန်ပိုင်ခွင့် အများဆုံးငွေကြေး ပမာဏသည် ကြီးကြပ်ရေးအဖွဲ့က အာမခံအမျိုးအစားအလိုက် သတ်မှတ် ထားသည့်အတိုင်း ဖြစ်စေရမည်၊

(စ) သက်ဆိုင်ရာ အထွေထွေအာမခံလုပ်ငန်း အမျိုးအစားအလိုက် ပင်မရန်ပုံငွေ ထူထောင်ထားရှိရမည်။ အဆိုပါ ရန်ပုံငွေကို သက်ဆိုင်ရာ အာမခံလုပ်ငန်း အမျိုးအစားနှင့်စပ်လျဉ်းသည့် ပေးရန်တာဝန်များနှင့် ကုန်ကျစရိတ်များ အတွက် သာ အသုံးပြုရမည်၊

(ဆ) ပုဒ်မခွဲ(စ)ပါ ပင်မရန်ပုံငွေအပြင် သက်ဆိုင်ရာ အထွေထွေအာမခံ အမျိုး အစားအလိုက် အခြားရန်ပုံငွေ ထပ်ဆောင်းထားရှိရန် ကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားလာလျှင် ယင်းသို့ညွှန်ကြားသည့်အတိုင်း လိုက်နာရမည်၊

(ဇ) အာမခံလုပ်ငန်း ဖျက်သိမ်းရာတွင် ပေးရန်တာဝန်နှင့် ကုန်ကျစရိတ်အားလုံး ကျခံပြီးနောက် ကျန်ရှိသော ရန်ပုံငွေကို အခြားလျော့နည်းနေသော အာမခံရန်ပုံငွေများတွင် ဦးစွာဖြည့်သွင်းရမည်၊

(ဈ) အခြားအာမခံရန်ပုံငွေများတွင် ပိုငွေရှိပါက ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် ဖြင့် ထိုပိုငွေများကို ထုတ်ယူခွင့်ရှိသည်၊

(ည) လူမွဲအဖြစ် ကြေညာခံရလျှင်ဖြစ်စေ၊ ပေးရန်တာဝန်များကို ပေးချေနိုင်ခြင်း မရှိခဲ့လျှင်ဖြစ်စေ မိမိ၏ရရန်ပိုင်ခွင့်များကို ပေါ်လစီရှင်အားလုံးသို့ ခွဲဝေပေး ရမည်။ ပေါ်လစီရှင်များသို့ ပေးရန်တာဝန်သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၃၀ ပါ ဦးစားပေးရမည့် တာဝန်များမှအပ အခြားပေးရန် တာဝန်များထက် ဦးစားပေးအဆင့်တွင် ရှိစေရမည်။

## အခန်း (၇)
## စာရင်းစစ်ဆေးခြင်း

၁၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် မိမိထိန်းသိမ်းထားရှိသော စာရင်းစာအုပ်နှင့်မှတ်တမ်းများ အပါအဝင် ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပေးထားသော ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ရရှိပြီး ကြီးကြပ်ရေးအဖွဲ့က သဘောတူသော စာရင်းစစ်ကိုသာလျှင် စစ်ဆေးစေရမည်။

၁၅။ စာရင်းစစ်သည် လုပ်ငန်းလိုအပ်ချက်အရ တိုးချဲ့စစ်ဆေးရန်နှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားခဲ့လျှင် လိုက်နာဆောင်ရွက်ရမည်။

၁၆။ စာရင်းများကို စစ်ဆေးနေစဉ်အတွင်း အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာစာရင်းစစ်သည် ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းအစီရင်ခံရမည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) အာမခံရန်ပုံငွေ လုံလောက်မှုအခြေအနေကို ထိခိုက်စေမည့် လုပ်ဆောင်ချက် သို့မဟုတ် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်နေခြင်း၊

(ဂ) အာမခံထားသူများ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ဆောင်ချက်များ အပါအဝင် မှုမမှန်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ထားခြင်း၊

(ဃ) ပေးရန်တာဝန်များကို ပေးချေနိုင်မှုမရှိခြင်း၊

## အခန်း (၈)
## လုပ်ငန်းလိုင်စင် ပယ်ဖျက်ခြင်း

၁၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေကြောင်း တွေ့ရှိပါက ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ကို ပယ်ဖျက်နိုင်သည် -

(က) လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော ထည့်ဝင်ပြီး မတည် ရင်းနှီးငွေမရှိဘဲ လုပ်ငန်းစတင်လုပ်ဆောင်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရပြီးနောက် ၁၂ လအတွင်း လုပ်ငန်းစတင်လုပ်ဆောင်မှု မရှိခြင်း၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားကို ဆက်လက်လုပ်ဆောင်မှုမရှိခြင်း၊

(ဃ) လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) ပေါ်လစီရှင်များ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့်နည်းလမ်းဖြင့် လုပ်ငန်း လုပ်ဆောင်နေခြင်း၊

(စ) ပေးရန်တာဝန်များကို ဆက်လက်ပေးဆောင်နိုင်မှု မရှိခြင်း၊

(ဆ) မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတစ်ဦးဦးကဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာ ရန် ပျက်ကွက်ခြင်း၊

(ဇ) မှားယွင်းသော၊ မတိကျသော၊ အဓိပ္ပာယ်လွဲမှား ကောက်ယူနိုင်သော လိမ်လည်လှည့်ဖြားထားသော အချက်များကို ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ ခြင်း၊

(ဈ) လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အရေးပါသည့်အချက်အလက်များကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်း၊

(ည) တစ်ဆင့်အာမခံထားရှိရန် လိုအပ်သည့်ကိစ္စ၌ လုံလောက်သည့် တစ်ဆင့် အာမခံမထားရှိခြင်း။

## အခန်း (၉)
## စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း

၁၈။ အာမခံလုပ်ငန်း၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံ အကျိုးဆောင်လုပ်ငန်း လိုင်စင်ပယ်ဖျက်ခြင်းခံရပါက သက်ဆိုင်ရာ ကုမ္ပဏီကို မြန်မာ နိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံး၏အမိန့်ဖြင့် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအတွက် အမိန့်ချမှတ်ပေးရန် ကြီးကြပ်ရေးအဖွဲ့က တာဝန် ပေးအပ်ခြင်းခံရသူက စီရင်ပိုင်ခွင့်ရှိ တရားရုံးသို့ လျှောက်ထားရမည်။

၁၉။ တရားရုံးသည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ယင်းလျှောက်ထားချက်နှင့်စပ်လျဉ်း၍ တင်သွင်းလာသည့် မည်သည့်ကန့်ကွက်ချက် တစ်စုံတစ်ရာကိုမျှ လက်ခံစဉ်းစားခြင်းမပြုဘဲ လျှောက်ထားခံရသည့် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၀။ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်ဖြစ်စေ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ကုမ္ပဏီကို စာရင်း ရှင်းလင်းဖျက်သိမ်းရာတွင်ဖြစ်စေ ပေါ်လစီရှင်များသို့ ပေးရန်တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၃၀ ပါ ဦးစားပေးရမည့် တာဝန်များမှအပ အခြားပေးရန် တာဝန်များထက် ဦးစားပေးအဆင့်တွင် ရှိစေရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ (က) အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည် -

(၁) အာမခံရန်ပုံငွေတစ်ရပ်ရပ်၏ အသားတင် ရရန်ပိုင်ခွင့်ကို သတ်မှတ်ချက်များနှင့်အညီ မထားရှိလျှင်သော်လည်းကောင်း၊

(၂) ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ တောင်းဆိုသော မိမိ၏ အစုရှယ်ယာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြရန် ပျက်ကွက်ခြင်း၊ ထိန်ချန်ခြင်း သို့မဟုတ် လွဲမှားတင်ပြခြင်းပြုလျှင်သော်လည်းကောင်း၊

(ခ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် -

(၁) မိမိ၏လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေကို ပေါ်လွင်ထင်ရှားစေသည့် စာရင်းစာအုပ်နှင့် မှတ်တမ်းများကို စာရင်းစစ်ဆေးနိုင်ရန်အတွက် စနစ်တကျနှင့် လွယ်ကူစွာ ထိန်းသိမ်းထားမှု မရှိလျှင်သော်လည်းကောင်း၊

(၂) ပြုစုရေးဆွဲထားသော ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းများကို နှစ်စဉ်စာရင်းစစ်ဆေးမှုမရှိလျှင်သော်လည်းကောင်း၊

(၃) နှစ်ချုပ်စာရင်းများနှင့် အခြားစာရင်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစု ရေးဆွဲပြီး သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ၄ လအတွင်း ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊

(၄) ကြီးကြပ်ရေးအဖွဲ့က အတည်မပြုသော သို့မဟုတ် သုံးစွဲခွင့်မပြုသော အာမခံလုပ်ငန်းနှင့် စပ်လျဉ်းသည့်ပုံစံ၊ ပေါ်လစီ သို့မဟုတ် ကြော်ငြာကို အသုံးပြုဖြန့်ဝေခြင်း သို့မဟုတ် အတည်ပြုပြီးပုံစံ၊ ပေါ်လစီ

သို့မဟုတ် ကြော်ငြာကို ပြင်ဆင်ပြောင်းလဲ သုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း၊

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။**

၂၂။ ကြီးကြပ်ရေးအဖွဲ့သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရသူအား အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်အရ လုပ်ကိုင်နေသော လုပ်ငန်းကို ယာယီရပ်ဆိုင်းစေခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(င) ကုမ္ပဏီအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

၂၃။ ကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၄။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သူမဆိုလုပ်ငန်းလိုင်စင်မရှိဘဲ အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ အာမခံအကျိုးဆောင်အဖြစ် ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်၊

၂၇။ အာမခံလုပ်ငန်း၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုး ဆောင်လုပ်ငန်းကို လုပ်ကိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးဦးသည် ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ စစ်ဆေးခြင်းကို တမင်ငြင်းပယ်ကြောင်း၊ စာအုပ်များ၊ စာရင်းများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို စစ်ဆေးခွင့်မပြုကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုး ဆောင်လုပ်ငန်းကို လုပ်ကိုင်သောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဦးသည် ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ တောင်းဆိုသော စာရွက်စာတမ်း၊ အစီရင်ခံစာ၊ စာရင်းဇယား၊ စာအုပ် စာတမ်းများကို တင်ပြရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ ချမှတ်ရမည်။

## အခန်း (၁၂)

## အထွေထွေ

၂၉။ ဝန်ကြီးဌာနသည် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ကုမ္ပဏီအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းသည် အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်က လက်ခံဆောင်ရွက်လျက်ရှိသော အာမခံအမျိုးအစားများကို ထားနိုင်ခွင့် ရှိစေရမည်။

၃၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပေးသည့် နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့် လိုင်စင်ရရှိပါက အာမခံလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၃၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူ၏စာဖြင့် သဘောတူညီချက်အရ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ကြားရှိသူ သည် ဤဥပဒေအရ အသက်အာမခံပဋိညာဉ် ပြုလုပ်နိုင်ခွင့်ရှိစေရမည်။

၃၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အာမခံလျော်ကြေး ပေါ်တွင် မည်သည့်အခွန်အခကိုမျှ စည်းကြပ်ခြင်းမပြုရ။

၃၄။ နိုင်ငံတော်သို့ ပေးရန်ရှိသည့် ကြွေးမြီမှအပ အခြားကြွေးမြီတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အာမခံလျော်ကြေးပေါ်တွင် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း ဂရမ်းကပ်ခြင်းမပြုရ။

၃၅။ ဤဥပဒေသည် မြန်မာ့အာမခံဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော မြန်မာ့ အာမခံနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၆။ ဤဥပဒေပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားရှိနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရ အဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် လိုအပ်သောအမိန့်၊ ညွှန်ကြား ချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့